# မြန်မာ-ဂျာမဏီနှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် Oktoberfest ပွဲတော်ကျင်းပမည်

သတင်းရင်းမြစ် > သီဟကိုကို
အင်္ဂါနေ့၊ အောက်တိုဘာလ ၀၈ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၅၀ မိနစ်

Hanns Seidel Foundation□နှင့် ဂျာမနီသံရုံးတို့၏ စီစဉ်မှုဖြင့် မြန်မာနှင့်ဂျာမနီ နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် Oktoberfest ပွဲတော် ကျင်းပမည်ဖြစ်ကြောင်း Hanns Seidel Foundation မှ ထုတ်ပြန်သည်။

Oktoberfest□ပွဲတော်သည် ဂျာမနီနိုင်ငံတွင် နှစ်စဉ်အောက်တိုဘာလ၌ ကျင်းပသည့် ရိုးရာပွဲတော်ဖြစ်သည်။

Hanns Seidel Foundation နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံရုံးတို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်းရှိ ဂျာမန် လူမျိုး များနှင့် မြန်မာလူမျိုးများအကြား ပိုမိုချစ်ကြည်ရင်းနှီးခွင့်ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်းဆိုသည်။

Oktoberfest□ပွဲတော်တွင် ဂျာမနီနိုင်ငံထုတ် ဘီယာမျိုးစုံနှင့် ညှော်ခံပွဲတွင် ဂျာမန်အစားအစာများ မိတ်ဆက် သုံးဆောင်နိုင်မည်ဖြစ်ကြောင်း ဆိုသည်။

ဂျာမန် - မြန်မာနှစ်နိုင်ငံစီးပွားရေးနှင့် လူမှုရေးအသိုင်းအဝိုင်းများတွေ့ဆုံပွဲ (Oktoberfest) ကို အောက်တိုဘာလ ၁၁ တွင် အင်းယားလိတ်ဟိုတယ်တွင် ကျင်းပသွားမည် ဖြစ်သည်။

Hanns Seidel Foundationသည် မြန်မာကွန်ဗင်းရှင်းစင်တာတွင် စက်တင်ဘာလ ၂၇ ရက်တွင် World Tourism□Day ကမ္ဘာ့ခရီးသွားနေ့ စီစဉ်ကျင်းပပေးခဲ့သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post
by
Burma News from Mizzima
.